## “နှစ်ဖက်သဘောတူ စက်ယန္တရားအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”

၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၂)ရက်နေ့တွင် အောက်ဖော်ပြပါ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ဤ “နှစ်ဖက်သဘောတူ စက်ယန္တရားအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်”ကို မရမ်းကုန်းမြို့အရပ်၌ ပြုလုပ်ချုပ်ဆိုကြသည်မှာ -

စက်ယန္တရားရောင်းချသူ ။ ။ 78 Co., Ltd. (ကိုယ်စား)
(ပထမတစ်ဖက်) (၎င်း၏ကိုယ်စား ဦးဇော်မင်းမြတ်(၁၂/မရက(နိုင်)၁၁၄၄၁၁)
အမှတ်(၅၈၉/၅၉၂)၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
စက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

စက်ယန္တရားဝယ်ယူသူ ။ ။ Aung Emerald Co., Ltd. (ကိုယ်စား)
(ဒုတိတစ်ဖက်) (၎င်း၏ကိုယ်စား ဦးကျော်အောင်၊ ၁၂/လမတ(နိုင်)၀၂၅၉၆၆)
အမှတ်(၁၈)၊ ၁၃ လမ်း၊ (၆)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(အထက်အမည်ပါ စက်ယန္တရားရောင်းချသူ(ပထမတစ်ဖက်) 78 Co., Ltd. နှင့် စက်ယန္တရားဝယ်ယူသူ (ဒုတိယတစ်ဖက်) Aung Emerald Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ တရားဝင်လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်း မှတ်ယူကြရမည်) နောက်နောင်တွင် (ပထမတစ်ဖက်) နှင့် (ဒုတိယတစ်ဖက်) ဟု ခေါ်ဝေါ်သုံးစွဲသွားကြရန်လည်း သဘောတူကြပါသည်။

အထက်ပါ ပထမတစ်ဖက်သည် စက်ယန္တရားများကို နိုင်ငံခြားတိုင်းပြည်များမှ မှာယူ၍ မြန်မာနိုင်ငံအတွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဒုတိယတစ်ဖက်သည် ပထမတစ်ဖက် ရောင်းချပေးလျက်ရှိသော အောက်စာရင်းဇယားပါစက်ယန္တရားကို ဝယ်ယူလိုကြောင်း လာရောက်ဆက်သွယ်၍ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့ တွေ့ဆုံဆွေးနွေးကြရာ စက်ယန္တရား၏တန်ဖိုးကို အမေရိကန်ဒေါ်လာ USD 25000 နှင့် ရောင်းဝယ်ကြရန် နှစ်ဖက်သဘောတူကြပါသည်။

အရောင်းအဝယ်ဈေးနှုန်း - စက်ယန္တရားဖိုး USD 25000 ကို 100% Cash Down ပေးချေရန် သဘောတူကြပါသည်။

**<u>အရောင်းအဝယ်ပြုလုပ်သည့် စက်ယန္တရားစာရင်းဇယား</u>**

| | | |
|---|---|---|
| Brand | - | Matador |
| Machine Model | - | MFD 30-X |
| Description | - | 3 Ton Diesel Forklift, 5m (Three Stage Mast) with side shift attachment, Fork Length 1220mm, Mitsubishi Engine and Okamura Transmission. |
| Brand / Matador | - | Warranty period is (2,000 working hours) or (1 Year) from the date of delivery whichever comes fist. |

အထက်ဖော်ပြပါ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်သည့် စက်ယန္တရားသည် စက်ယန္တရားရောင်းချသူ (ပထမတစ်ဖက်)မှ ပိုင်ဆိုင်ပြီး၊ အခြားတစ်ပါးသူများသို့ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းထားခြင်း အာမခံအဖြစ် တင်သွင်းထားခြင်းများ အလျဉ်းမရှိကြောင်း ဝန်ခံပြီး၊ စက်ယန္တရားဖိုးငွေ အပြေအကြေငွေပေး ချေသည့် (၂၂-၄-၂၀၂၅)ရက်နေ့တွင် အရောင်းအဝယ်ပြုလုပ်သည့် စက်ယန္တရားအား ရောင်းချသူ(ပထမတစ်ဖက်)မှ စက်ယန္တရားဝယ်ယူသူ(ဒုတိယတစ်ဖက်)သို့ လက်ရောက်ပေးအပ်ရာ လက်ရောက်လက်ခံရရှိကြောင်း စက်ယန္တရား ဝယ်ယူသူ(ဒုတိယတစ်ဖက်)မှ လက်ခံရရှိကြောင်း ဝန်ခံပါသည်။

ဤနှစ်ဖက်သဘောတူစက်ယန္တရားအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် စာမျက်နှာ(၁/၂)ပါစာသား များနှင့် စကားရပ်များကို စက်ယန္တရားရောင်းချသူ(ပထမတစ်ဖက်)နှင့် စက်ယန္တရားဝယ်ယူသူ(ဒုတိယတစ်ဖက်) တို့ကိုယ်တိုင် ဖတ်ရှုသိရှိနားလည်သဘောပေါက်ကြလျက် အောက်ပါအသိသက်သေများရှေ့မှောက်တွင် လက်မှတ် ရေးထိုးချုပ်ဆိုကြပါသည်။

**စက်ယန္တရားရောင်းချသူ(ပထမတစ်ဖက်)**

78 Co., Ltd.
(၎င်း၏ကိုယ်စား ဦးဇော်မင်းမြတ်၊
၁၂/မရက(နိုင်)၁၁၄၄၁၁)

**စက်ယန္တရားဝယ်ယူသူ(ဒုတိယတစ်ဖက်)**

Aung Emerald Co., Ltd. (ကိုယ်စား)
(၎င်း၏ကိုယ်စား ဦးကျော်အောင်၊
၁၂/လမတ(နိုင်)၀၂၅၉၆၆)

**<u>အသိသက်သေများ</u>**

၁။ လက်မှတ် ---------------------------------------------
အမည် ---------------------------------------------
မှတ်ပုံတင် ---------------------------------------------
လိပ်စာ ---------------------------------------------
---------------------------------------------

၂။ လက်မှတ် ------------------------------------------
အမည် ------------------------------------------
မှတ်ပုံတင် ------------------------------------------
လိပ်စာ ------------------------------------------
------------------------------------------